# ISP Data Matters

Conflict, Peace and Security Studies

အိုးတိန်တွင်းနှင့် ထွန်းရဝေကျေးရွာ ဖြစ်စဉ်များအပါအဝင်

# အရပ်သားများ အစုအပြုံလိုက် သေဆုံးရသည့်ဖြစ်စဉ် ၈၀ ထက်မနည်းရှိလာ



Photo : AFP

PROMOTING LEADERSHIP AND STRENGTHENING CIVIC PARTICIPATION

## မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု

၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာပြည်ဖွား Think Tank အဖွဲ့ဖြစ်ပါသည်။

---

**အိုးတိန်တွင်းနှင့် ထွန်းရဝေကျေးရွာ ဖြစ်စဉ်များအပါအဝင် အရပ်သားများ အစုအပြုံလိုက် သေဆုံးရသည့်ဖြစ်စဉ် ၈၀ ထက်မနည်းရှိလာ** (ISP Data Matters) ကို ၂၀၂၅ ခုနှစ် မေ ၁၃ ရက်တွင် မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု (ISP-Myanmar) က ထုတ်ဝေပါသည်။ ယခုဖော်ပြချက်သည် ISP-Myanmar ၏ ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာလေ့လာမှု (Conflict, Peace and Security Studies) ဆိုင်ရာ သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်ပါသည်။

+၆၆ ၈၀၇ ၇၄၇ ၉၇၁၂

စာတိုက်သေတ္တာအမှတ် ၁၄၉၊ ချင်းမိုင်တက္ကသိုလ်စာတိုက်၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ။

info@ISPMyanmar.com | www.ISPMyanmar.com

ISP Data Matters

Conflict, Peace and Security Studies

# အိုးတိန်တွင်းနှင့် ထွန်းရဝေကျေးရွာ ဖြစ်စဉ်များအပါအဝင် အရပ်သားများ အစုအပြုံလိုက် သေဆုံးရသည့်ဖြစ်စဉ် ၈၀ ထက်မနည်းရှိလာ

၂၀၂၅ ခုနှစ် မေ ၁၂ ရက်မှာ စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် အိုးတိန်တွင်းကျေးရွာ စာသင်ကျောင်းကို စစ်ကောင်စီက ဗုံးကြဲတိုက်ခိုက်ခဲ့ပါတယ်။ အဲဒီဖြစ်စဉ်မှာ စာသင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူ ကလေးငယ် ၂၁ ဦးနဲ့ ဆရာမနှစ်ဦးအပါအဝင် စုစုပေါင်း ၂၃ ဦး သေဆုံးခဲ့ရပါတယ်။ ပုံမှန်ကျောင်းဖွင့်ချိန် မဟုတ်ပေမဲ့ အညာဒေသတွင်း လေကြောင်းရန်ကို ရှောင်ကွင်းနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွင့်ထားတဲ့ ကျောင်းတွေထဲမှာ အိုးတိန်တွင်းရွာ စာသင်ကျောင်းလည်း တခုအပါအဝင် ဖြစ်ပါတယ်။ အိုးတိန်တွင်းရွာ ဖြစ်စဉ်အပြီး တရက်အကြာ မေ ၁၃ ရက်မှာတော့ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်က ထွန်းရဝေကျေးရွာကိုလည်း စစ်ကောင်စီက လေကြောင်းက တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီဖြစ်စဉ်မှာ ကလေးငယ် တဦးအပါအဝင် အရပ်သား ၁၃ ဦးထက်မနည်း သေဆုံးခဲ့ကြရပါတယ်။

'မန္တလေး-စစ်ကိုင်း လျှောင်ကြီး' အပြီး ကူညီကယ်ဆယ်ရေးတွေလုပ်နိုင်ဖို့ အပစ်အခတ်ရပ်နားကြောင်း ကြေညာထားပေမဲ့ စစ်ကောင်စီရဲ့ လေကြောင်းတိုက်ခိုက်မှုတွေက ဆက်ရှိနေပါတယ်။ စစ်ကောင်စီအနေနဲ့ အပစ်ရပ်ကြေညာပြီး တလကျော်ကာလအတွင်းလုပ်ခဲ့တဲ့ လေကြောင်းတိုက်ခိုက်မှုတွေကြောင့် အခုဖြစ်ခဲ့တဲ့ အိုးတိန်တွင်းနဲ့ ထွန်းရဝေကျေးရွာဖြစ်စဉ်တွေအပါအဝင် (အရပ်သား ၁၀ ဦးနဲ့အထက် သေခဲ့ရတဲ့) အစုလိုက်အပြုံလိုက် သေဆုံးတဲ့ဖြစ်စဉ်ပေါင်း ခြောက်ခုထက်မနည်း ရှိခဲ့ပါပြီ။ အဲဒီဖြစ်စဉ် ခြောက်ခုစလုံးဟာ အရပ်သားတွေနေထိုင်နေတဲ့ ကျေးရွာနဲ့ စာသင်ကျောင်းတွေပဲ တိုက်ခိုက်ခံခဲ့ရတာဖြစ်ပြီး အရပ်သား ၁၁၃ ဦးထက်မနည်း သေဆုံးခဲ့ပါတယ်။

စစ်ကောင်စီဟာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနဲ့ ရခိုင်ပြည်နယ်က စစ်ရေးတင်းမာနေတဲ့ နေရာတွေအပြင် ပဋိပက္ခလုံးဝမရှိတဲ့ မြို့ရွာတွေကိုပါ လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်နေတာပါ။ ဒီလိုလုပ်ရာမှာ စစ်ရေးပစ်မှတ်တွေအပြင် သူတို့ထိန်းချုပ်နိုင်မှုမရှိတော့တဲ့ ဒေသတွေက လူနေရပ်ကွက်၊ ကျေးရွာ၊ ဆေးရုံ၊ သာသနိကအဆောက်အအုံတွေနဲ့ စာသင်ကျောင်းတွေလည်း ပါဝင်ပါတယ်။


Conflict, Peace and Security Studies

# အရပ်သားများ အစုအပြုံလိုက်သေဆုံးရမှု အကြိမ် ၈၀ ထက်မနည်းရှိလာ

အလေးထားရမည့် ညွှန်းပြမြေပုံများ အမှတ်-၉၅

ISP Mapping

၂၀၂၅ ခုနှစ် မေ ၁၂ ရက်နှင့် ၁၃ ရက်တွင်ဖြစ်ခဲ့သော စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် အိုးတိန်တွင်းကျေးရွာ စာသင်ကျောင်းနှင့် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ ထွန်းရဝေကျေးရွာတို့ကို စစ်ကောင်စီက ဗုံးကြဲတိုက်ခိုက်မှုဖြစ်စဉ်အပါအဝင် လေးနှစ်ကာလအတွင်း (အရပ်သား ၁၀ ဦးနှင့်အထက်) အစုလိုက်အပြုံလိုက်သေဆုံးခဲ့ရသည့် ဖြစ်စဉ်ပေါင်း **၈၀ ထက်မနည်း**ရှိခဲ့ပြီး အရပ်သား **၁,၅၉၉ ဦး** သေဆုံးခဲ့သည်။ အများစုမှာ စစ်ကိုင်းတိုင်းတွင်ဖြစ်ခဲ့သည်။




**အိုးတိန်တွင်းရွာ ဖြစ်စဉ်**

၂၀၂၅ ခုနှစ် မေ ၁၂ ရက်တွင် ဒီပဲယင်းမြို့နယ် အိုးတိန်တွင်းကျေးရွာ၌ စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ကလေးငယ် ၂၁ ဦးအပါအဝင် အရပ်သား ၂၃ ဦးထက်မနည်း သေဆုံးခဲ့သည်။ စစ်ကောင်စီက ၎င်းတို့လက်ချက်မဟုတ်ကြောင်း ငြင်းဆိုထားသည်။

**ပဇီကြီးဖြစ်စဉ်**

၂၀၂၃ ခုနှစ် ဧပြီ ၁၁ ရက်တွင် ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာ၌ စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အမျိုးသား ၁၀၈ ဦး၊ အမျိုးသမီး ၂၄ ဦးနှင့် ကလေး ၃၈ ဦး၊ စုစုပေါင်း အရပ်သား ၁၇၀ ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားအများဆုံး သေဆုံးခဲ့ရသော ဖြစ်စဉ်ဖြစ်သည်။

**ထွန်းရဝေရွာဖြစ်စဉ်**

အိုးတိန်တွင်းရွာ ဖြစ်စဉ်အပြီး တရက်အကြာ၊ ၂၀၂၅ ခုနှစ် မေ ၁၃ ရက်တွင် ရသေ့တောင်မြို့နယ် ထွန်းရဝေကျေးရွာ၌ စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၁၃ ဦးထက်မနည်း သေဆုံးခဲ့သည်။

**သတ်ဖြတ်ခံရသူ အရေအတွက်**

- ၁၀ ဦးမှ ၂၃ ဦးအကြား
- ၂၃ ဦးမှ ၇၆ ဦးအကြား
- ၇၆ ဦးမှ ၁၇၀ ဦးအကြား

**အစုအပြုံလိုက် သေဆုံးခဲ့မှု အမျိုးအစားများ**

- စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်ခြင်း
- စစ်ကောင်စီတပ် စစ်ကြောင်းဝင်ချိန် မီးရှို့သတ်ဖြတ်ခြင်း
- စစ်ကောင်စီတပ်၏ လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်ခြင်း
- စစ်ကောင်စီတပ် စစ်ကြောင်းဝင်ချိန် သတ်ဖြတ်ခြင်း
- အခြားလက်နက်ကိုင်တပ်ဖွဲ့များ၏ သတ်ဖြတ်ခြင်း


**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၅ ခုနှစ် မေ ၁၃ ရက်အထိ သိရသော အချက်အလက်များဖြစ်သည်။** အစုအပြုံလိုက်သတ်ဖြတ်ခံရသော ဖြစ်စဉ်များကို ဖော်ပြရာတွင် အရပ်သား ၁၀ ဦးနှင့်အထက် သေဆုံးခဲ့ရသည့် ဖြစ်ရပ်များကိုသာ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်။ လက်နက်တမျိုးမျိုး သို့မဟုတ် မီးရှို့ခြင်းနှင့် လေကြောင်းတိုက်ခိုက်ခံရခြင်းများကြောင့် ဖြစ်ခဲ့သည့် အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသည့် ဖြစ်စဉ်များအားလုံးကို ထည့်သွင်းထားသည်။ ယခုဖော်ပြထားသော ဒေတာအချက်အလက်များသည် ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များဖြစ်ပါသည်။ ဒေတာရမှု အကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

# လျှော်ကြီးနောက်ပိုင်း လေကြောင်းတိုက်ခိုက်မှု အကြိမ် ၇၄၀ ကျော် ရှိခဲ့

## အလေးထားရမည့် ညွှန်းပြမြေပုံများ အမှတ်-၉၆

ISP Mapping

'မန္တလေး-စစ်ကိုင်းငလျင်ကြီး' နောက်ပိုင်း နိုင်ငံအနှံ့ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု အကြိမ် **၇၄၁ ကြိမ် ထက်မနည်း** ရှိခဲ့သည်။ အဆိုပါပမာဏ၏ **၉၀ ရာခိုင်နှုန်းနီးပါး**သည် စစ်ကောင်စီက (၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်တွင်) ယာယီအပစ်ရပ် ကြေညာပြီးနောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ကချင်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်ခံရမှု **၂၄၇ ကြိမ်ထက်မနည်း** ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့သည်။




**၂၀၂၅ ခုနှစ် မတ် ၂၈ ရက်မှ မေ ၁၃ ရက်အတွင်း အချက်အလက်များဖြစ်သည်။** ISP-Myanmar ၏ သုတေသနပြုလေ့လာချက်ဖြစ်ပြီး ဒေတာရမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။ (*) မြေလျှော်သက်ရောက်မှု Vector Data Layer ကို အမေရိကန်ပြည်ထောင်စု ဘူမိဗေဒစစ်တမ်းအဖွဲ့ (USGS) ၏ ထုတ်ပြန်ချက်များအပေါ် အခြေခံထားသော The Guardian သတင်းဌာန၏ ဖော်ပြချက်မှ ရယူထားပါသည်။ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကို တွက်ချက်ရာ၌ တိုက်ခိုက်ရေးလေယာဉ်အပြင် ဒရုန်းနှင့် စက်တပ်လေထီးများဖြင့် တိုက်ခိုက်မှုများကိုပါ ထည့်သွင်းထားသည်။


Conflict, Peace and Security Studies

# နိုင်ငံတဝန်း လေကြောင်းတိုက်ခိုက်မှု အကြိမ် ၁၂,၀၀၀ နီးပါး ရှိခဲ့

အလေးထားရမည့် ဒေတာအချက်အလက် အမှတ်-၁၅၆

ISP Data Matters

အာဏာသိမ်းမှုအလွန် နိုင်ငံအနှံ့ လက်နက်ကိုင်ပဋိပက္ခများအတွင်း စစ်ကောင်စီ၏ လေကြောင်းအသုံးပြုတိုက်ခိုက်မှုပေါင်း **၁၁,၉၁၆ ကြိမ်ထက်မနည်း** ရှိခဲ့သည်။ အဆိုပါ ပမာဏ၏ **၄၇ ရာခိုင်နှုန်း**သည် ၂၀၂၄ ခုနှစ်အတွင်း တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ် လေးလကျော်ကာလအတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုပေါင်း **၁,၄၇၄ ကြိမ်ထက်မနည်း** ရှိခဲ့သည်။




**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၅ ခုနှစ် မေ ၁၃ ရက်အထိ သိရသော အချက်အလက်များဖြစ်သည်။** ISP-Myanmar ၏ သုတေသနပြုလေ့လာချက်ဖြစ်ပြီး ဒေတာရမှု အကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။


Conflict, Peace and Security Studies

# လက်နက်ကိုင်ပဋိပက္ခများအတွင်း အရပ်သား ၉,၅၀၀ နီးပါး သေဆုံးခဲ့ရ

## အလေးထားရမည့် ဒေတာအချက်အလက် အမှတ်-၁၅၇

ISP Data Matters

အာဏာသိမ်းမှုအလွန် နိုင်ငံအနှံ့ လက်နက်ကိုင်ပဋိပက္ခများအတွင်း အရပ်သားသေဆုံးမှု ၉,၄၄၃ ဦးထက်မနည်း ရှိခဲ့သည်။ ၂၀၂၄ ခုနှစ်အတွင်း အရပ်သားသေဆုံးမှုအများဆုံး ဖြစ်ခဲ့ပြီး စုစုပေါင်း ၃,၅၅၅ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ ၂၀၂၅ ခုနှစ် လေးလကျော်ကာလအတွင်း အရပ်သားသေဆုံးမှု ၉၇၆ ဦးထက်မနည်း ရှိခဲ့သည်။




**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၅ ခုနှစ် မေ ၁၃ ရက်အထိ သိရသော အချက်အလက်များဖြစ်သည်။** ISP-Myanmar ၏ သုတေသနပြုလေ့လာချက်ဖြစ်ပြီး ဒေတာရမှု အကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

Institute for Strategy and Policy-Myanmar
+66 80 747 9712
PO Box 149, Chiang Mai University PO, Chiang Mai, 50202.
info@ISPMyanmar.com
www.ISPMyanmar.com